# မောင်ထင်၏ပြဇာတ်များမှ ဇာတ်ညွှန်းစကားများလေ့လာချက်

ရီရီလွင် [၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ်ရှိ ပြဇာတ်ကဏ္ဍလာ မောင်ထင်၏ပြဇာတ်များမှ ဇာတ်ညွှန်းစကားများကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ ဆရာမောင်ထင်၏ပြဇာတ်များတွင် စာရေးသူသည် ဇာတ်လမ်း၊ ဇာတ်ကွက်ရွေ့လျားအောင်၊ ဇာတ်ဆောင်၏ပြုမူလှုပ်ရှားမှုများပေါ်လွင်အောင် ဇာတ်ညွှန်းစကားများဖြင့် ချိတ်ဆက်ကာ ပို့ဆောင်ရေးသားထားပုံများကို သိရှိစေလိုခြင်းဖြစ်သည်။ အလေ့လာခံစာအုပ်များမှာ မောင်ထင်၏ ဘာအရေးကြီးဆုံးလဲ၊ အာဇာနည်မိခင်နှင့် အခြားပြဇာတ်များ စာအုပ်တို့ဖြစ်ပါသည်။ ဤစာတမ်းတွင် ဆရာမောင်ထင်၏ဇာတ်ညွှန်းစကားအသုံးများသည် ပြဇာတ်ပါ ဇာတ်လမ်း ဇာတ်ကွက်ကိုရွေ့လျားအောင်၊ ဇာတ်ဆောင်၏ ပြုမူလှုပ်ရှားမှုများပေါ်လွင်အောင် ပို့ဆောင်ပေးနိုင်ပါသလား ဟူသောမေးခွန်းနှင့် ဆရာမောင်ထင်၏ ဇာတ်ညွှန်းစကားအသုံးများသည် ပြဇာတ်ပါ ဇာတ်လမ်း ဇာတ်ကွက်ကို ရွေ့လျားအောင်၊ ဇာတ်ဆောင်၏ ပြုမူလှုပ်ရှားမှုများ ပေါ်လွင်အောင် ထောက်ပံ့ပေးနိုင်ခြင်း ရှိ၊ မရှိဟူသော ပြဿနာကို သုတေသနပြုထားခြင်း ဖြစ်ပါသည်။ ပညာရပ်ဆိုင်ရာ နည်းနာအနေဖြင့် ဇာတ်ညွှန်း စကားများ အသုံးပြုပုံနည်းနာကို အသုံးပြုထားသည်။ သုတေသနနည်းနာ အနေဖြင့် အချက်အလက် စုဆောင်းထုတ်ယူနည်း၊ ခွဲခြမ်းစိတ်ဖြာဆန်းစစ်နည်းတို့ကို အသုံးပြုထားပါသည်။ ဤစာတမ်းသည် ဇာတ်ညွှန်းစကားများ၏ အရေးပါပုံကိုသိရှိပြီး ပြဇာတ်ပါဇာတ်ညွှန်းစကားများ လေ့လာလိုသူတို့အတွက် အထောက်အကူပြုနိုင်မည်ဟု မျှော်မှန်းပါသည်။

**သော့ချက်ဝေါဟာရ** - ပြဇာတ်၊ ဇာတ်ညွှန်းစကား၊ ဇာတ်ဆောင်၊ ဇာတ်ခုံညွှန်းစကား။

## နိဒါန်း

ဤစာတမ်းသည် မောင်ထင်၏ပြဇာတ်များမှ ဇာတ်ညွှန်းစကားများကို လေ့လာထားခြင်းဖြစ်ပါသည်။ မောင်ထင်၏ပြဇာတ်များတွင် စာရေးသူသည် ဇာတ်လမ်း၊ ဇာတ်ကွက်ရွေ့လျားအောင်၊ ဇာတ်ဆောင်၏ ပြုမူလှုပ်ရှားမှုများပေါ်လွင်အောင် ဇာတ်ညွှန်းစကားများဖြင့် ချိတ်ဆက်ကာ ပို့ဆောင်ရေးသားထားပုံများကို သိရှိစေလိုသောရည်ရွယ်ချက်ဖြင့် စာတမ်းပြုစုရခြင်းဖြစ်ပါသည်။ အလေ့လာခံစာအုပ်များမှာ မောင်ထင်၏ ဘာအရေးကြီးဆုံးလဲ၊ အာဇာနည်မိခင်နှင့် အခြားပြဇာတ်များ စာအုပ်ဖြစ်ပါသည်။ ထိုစာအုပ်တွင် "ဘာအရေးကြီးဆုံးလဲ၊ အာဇာနည်မိခင်၊ အယ်ဒီတာမောင်ဖိုးသိ၊ ကျူးကျော်သူ၊ တိမ်ကြား မင်းခေါင်၊ ကိုယ့်ဇာတ်ကိုယ်သိမ်း"စသည်ဖြင့် ပြဇာတ်(၆)ပုဒ်ပါရှိသည့်အနက် "ဘာအရေးကြီးဆုံးလဲနှင့် အာဇာနည်မိခင်"စသော ပြဇာတ်(၂)ပုဒ်ပါ ဇာတ်ညွှန်းစကားများကိုသာ လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။ ပြဇာတ်များကို ကပြရန်အတွက်လည်းကောင်း၊ ဖတ်ရှုရန်အတွက်လည်းကောင်း ရည်ရွယ်ရေးသားကြရာ မောင်ထင်၏ပြဇာတ်များသည် ကပြသူအတွက်သာမက ဖတ်ရှုသူများအတွက်ပါ ရည်ရွယ်ကာ ဇာတ်ညွှန်းစကားများဖြင့် ညွှန်းဆိုရေးသားထားသည်ကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

---

[၁] မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

သို့ဖြစ်ရာ မောင်ထင်၏ဇာတ်ညွှန်းစကားအသုံးများသည် ပြဇာတ်ပါ ဇာတ်လမ်း ဇာတ်ကွက်ကို ရွှေ့လျားအောင်၊ ဇာတ်ဆောင်၏ပြုမူလှုပ်ရှားမှုများပေါ်လွင်အောင် ပို့ဆောင်ပေးနိုင်ပါသလားဟူသည့် အတွေးသည် ဤစာတမ်းအတွက် သုတေသနမေးခွန်းဖြစ်လာခဲ့သည်။ မောင်ထင်၏ဇာတ်ညွှန်း စကား အသုံးများသည် ပြဇာတ်ပါဇာတ်လမ်း ဇာတ်ကွက်ကိုရွှေ့လျားအောင်၊ ဇာတ်ဆောင်၏ ပြုမူလှုပ်ရှားမှုများ ပေါ်လွင်အောင် ထောက်ပံ့ပေးနိုင်မှု ရှိ၊ မရှိဟူသော သုတေသနပြဿနာကို ဖြေရှင်းရန်အတွက် အချက်အလက် စုဆောင်းထုတ်ယူနည်း၊ ခွဲခြမ်းစိတ်ဖြာဆန်းစစ်နည်းကို အသုံးပြုထားပါသည်။ ပညာရပ်ဆိုင်ရာ နည်းနာအနေဖြင့် ဇာတ်ညွှန်းစကားများအသုံးပြုနည်းကို အခြေခံကာလေ့လာ တင်ပြသွားမည် ဖြစ်ပါသည်။

## မောင်ထင်၏အတ္ထုပ္ပတ္တိအကျဉ်း

ဆရာမောင်ထင်ကို ၁၉၀၉ခုနှစ် မတ်လ(၂၁)ရက်နေ့တွင် အဖ ဦးတရောင်၊ အမိ ဒေါ်စိန်ပွင့်တို့မှ ဧရာဝတီတိုင်း၊ လပွတ္တာမြို့၌ ဖွားမြင်သည်။ အမည်ရင်းမှာ ဦးထင်ဖတ်ဖြစ်သည်။ ၁၉၃၃ ခုနှစ်တွင် ဘီအေ(ဝိဇ္ဇာဘွဲ့)ရရှိခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် မြောင်းမြမြို့ တိုင်းရင်းသားအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာလုပ်ခဲ့သည်။ ၁၉၃၆-၁၉၄၂ ခုနှစ်အထိ မြို့ပိုင်အဖြစ်ဖြင့်လည်းကောင်း၊ ၁၉၄၃-၁၉၄၄ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် အဖြစ်လည်းကောင်း၊ ၁၉၄၇-၁၉၄၉ ခုနှစ်တွင် လူမှုဝန်ထမ်းဝန်ကြီးဌာန (ခေတ္တ)ရခိုင်တိုင်းမင်းကြီး၊ ၁၉၄၉ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီး ဌာန ညွှန်ကြားရေးဝန်အဖြစ် အမှုထမ်းခဲ့ပြီး အစိုးရအမှုထမ်းဘဝမှ နုတ်ထွက်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၅၉ ခုနှစ်တွင် မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူခဲ့သည်။

၁၉၃၃ ခုနှစ်မှစ၍ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် စာအမျိုးမျိုးကို ရေးသားပြုစုခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် “ဘော”ဝတ္ထုကို ထုတ်ဝေခဲ့သည်။ ထိုဝတ္ထုကို တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်ဘာသာများဖြင့် ပြန်ဆိုထုတ်ဝေခြင်း ခံခဲ့ရသည်။ ၁၉၈၁ ခုနှစ်အတွက် အမျိုးသားစာပေဆု(ဘာသာပြန်)ကို “ဂါလီဗာ၏ ခရီးစဉ်”ဖြင့်ရရှိခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ပထမအကြိမ် ပခုက္ကူဦးအုန်းဖေဆု (တစ်သက်တာစာပေဆု)ကို ရရှိခဲ့သည်။ ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာစာပေဆု (ဝိဇ္ဇာဘာသာရပ်)ကို ရရှိခဲ့သည်။

ဆရာမောင်ထင်သည် ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ(၂၉)ရက်၊ နံနက်(၈)နာရီတွင် အင်းစိန်မြို့နယ်၊ မြို့သစ်(က)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၂၄၈)နေအိမ်၌ ကွယ်လွန်ခဲ့သည်။ (မောင်ထင်၊ ကမ္ဘာ့စာပေ အညွှန်း၊ ၂၀၀၈။)

**ပြဇာတ်ဝေါဟာရ သဘောသဘာဝ**

မြန်မာစာပေတွင် စာပေပုံသဏ္ဍာန်များစွာရှိသည့်အနက် ပြဇာတ်စာပေသည် လူ့လောက သဘာဝကိုများစွာ ထင်ဟပ်ပုံဖော်ပေးထားသော ရသစာပေတစ်ရပ်ဖြစ်သည်။ ပြဇာတ်ဟူသော ဝေါဟာရ နှင့်ပတ်သက်၍ ဆရာကြီးဦးမောင်မောင်တင်(၁၉၇၁)က မြန်မာပြဇာတ်နှင့်ပြဇာတ်စာပေ သမိုင်းစာအုပ် တွင်

> **"ပြ"ဆိုသောစကားမှာ မြန်မာစကားဖြစ်၍ "ဇာတ်"ဆိုသောစကားမှာ ပါဠိ "ဇာတက" ဆိုသောစကားမှ ပျက်လာသောစကားဖြစ်သည်။ ဤစကားနှစ်လုံးကိုပေါင်း၍ "ပြဇာတ်" ဟုခေါ်သည်။** (စာ-၁)

ဟူ၍လည်းကောင်း၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (၁၉၆၃)ကထုတ်ဝေသော မြန်မာစွယ်စုံကျမ်း တွင်

> **မြန်မာစကား "ပြ"နှင့် ပါဠိပျက် "ဇာတ်" စကားနှစ်လုံးကိုပေါင်းထားသော စကားရပ်ဖြစ် သည်။ "ပြ"ဆိုသည်မှာ မျက်စိနှင့်မြင်ရအောင်ပြုလုပ်ပေးခြင်းဟု အဓိပ္ပာယ်ရ၍ "ဇာတ်" ဆိုသောစကားမှာ ဖြစ်ခဲ့ပြီးအရာနှင့်သက်ဆိုင်သောဟု အဓိပ္ပာယ်ရသော "ဇာတက"မှ လာသည်။** (စာ-၁၁၂)

ဟူ၍ ဖွင့်ဆိုထားပါသည်။

ထို့အပြင် ပြဇာတ်၏သဘောသဘာဝနှင့်ပတ်သက်၍လည်း မြန်မာအဘိဓာန်တွင်

> **ပြဇာတ်၊ န - ၁။ ဇာတ်လမ်းကိုကပြသရုပ်ဆောင်နိုင်ရန် ရေးဖွဲ့သောစာပေ။**
>
> **၂။ ယင်းဇာတ်ကိုသရုပ်ဆောင်ကပြသောပွဲ။ (မြန်မာစာအဖွဲ့၊ ၂၀၀၈၊ စာ-၂)**

ဟူ၍လည်းကောင်း၊ ဒေါ်စီစီဝင်း(၁၉၈၃)ကလည်း မြန်မာစကားပြေစာတမ်းတွင်

> **ပြဇာတ်တွင် ဇာတ်ဆောင်ပြောစကားသည် အဓိကကျပါသည်။ စင်စစ်ပြဇာတ် စကား ပြေသည် အပြောစကားပြေဖြစ်ပါသည်။ အပြောစကားပြေဖြစ်သည့်အတွက် ပြောသူ၏ စရိုက်ထင်ရှားအောင် လေယူလေသိမ်း အဖြတ်အတောက် အသက်ဝင်အောင်ရေးနိုင် လျှင် စကားပြေကောင်းဟုပင် သတ်မှတ်ရပါလိမ့်မည်။** (စာ-၃၀၅)

ဟူ၍လည်းကောင်း ဖွင့်ဆိုထားပါသည်။

အထက်ပါပညာရှင် အသီးသီး၏ဖွင့်ဆိုချက်များအရ ပြဇာတ်ဆိုသည်မှာ လူတို့၏အဖြစ်အပျက် အကြောင်းအရာများကို ဇာတ်လမ်းဆင်ပြီး ဇာတ်ဆောင်တို့၏ အပြန်အလှန်ပြောစကားများဖြင့် ဇာတ်လမ်း၊ ဇာတ်ကွက်ပေါ်အောင် ရေးသားထားသော စာပေဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ဦးတည်ချက်နှင့်ဇာတ်လမ်းအကျဉ်း

ဆရာမောင်ထင်သည် “ဘာအရေးကြီးဆုံးလဲ၊ အာဇာနည်မိခင်နှင့် အခြားပြဇာတ်များ” စာအုပ်တွင် “ဘာအရေးကြီးဆုံးလဲ၊ အာဇာနည်မိခင်၊ အယ်ဒီတာမောင်ဖိုးသိ၊ ကျူးကျော်သူ၊ တိမ်ကြားမင်းခေါင်၊ ကိုယ့်ဇာတ်ကိုယ်သိမ်း”စသည့်ဖြင့် ပြဇာတ်(၆)ပုဒ်ကို ပါဝင်ရေးသားထားသည်။ ထိုပြဇာတ်များမှ “ဘာအရေးကြီးဆုံးလဲနှင့် အာဇာနည်မိခင်”စသော ပြဇာတ်(၂)ပုဒ်၏ဦးတည်ချက်နှင့် ဇာတ်လမ်းအကျဉ်းကိုသာ လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

## ဘာအရေးကြီးဆုံးလဲ

ဆရာမောင်ထင်သည် “ဘာအရေးကြီးဆုံးလဲ”ပြဇာတ်ကို ၁၉၄၄ ခုနှစ်တွင် ရေးသားခဲ့သည်။ ဂျပန်ခေတ်ကို နောက်ခံထားကာ ရေးသားထားသည်။ မြန်မာတစ်ပြည်လုံး ဖက်ဆစ်ဂျပန်လက်အောက်က လွတ်မြောက်ရန်အရေးကြီးနေချိန်တွင် ဖက်ဆစ်ဂျပန်နှင့်ပူးပေါင်း၍ မိမိ၏အကျိုးစီးပွားဖြစ်ထွန်းရေးကိုသာအဓိကဟု မှတ်ယူနေကြသော အုပ်ချုပ်ရေးအရာရှိတစ်ချို့၏ အခြေအနေများကို အစိုးရအဖွဲ့က ရိပ်စားမိစေရန် ဦးတည်ရေးသားထားခြင်းဖြစ်သည်။

ပြဇာတ်ပါ ဇာတ်ဆောင်များမှာ ခရိုင်ဝန်၊ ပိုက်ဆံကြောင့်ဂုဏ်ရှိသူ လူကြီး၊ ရဲဗိုလ်မှူး၊ မင်းလုလင်၊ အစည်းအရုံးခရိုင်ခေါင်းဆောင်၊ အာရှလူငယ်ခေါင်းဆောင်၊ အမျိုးသမီး ဝန်ထမ်းမှူး၊ စာရေးဆရာ၊ သူကြီး၊ ဈေးသည်၊ ကျေးရွာခေါင်းဆောင်၊ ဝန်ထမ်းအုပ်၊ မြို့အုပ်စသည်တို့ဖြစ်သည်။ မြန်မာနိုင်ငံတော်ကြီး ဖက်ဆစ်ဂျပန်လက်အောက်မှ လွတ်မြောက်မှုသည် အဓိကအရေးပါကြောင်း၊ လွတ်မြောက်အောင် ကြိုးပမ်းရန်မှာ မိမိတို့တာဝန်သာဖြစ်ကြောင်း ခံယူစိတ်ရှိကြပုံကို ခရိုင်ခေါင်းဆောင်၊ အာရှလူငယ်၊ ဝန်ထမ်းအုပ်၊ မြို့အုပ်စသည့် ဇာတ်ဆောင်များဖြင့် ရေးသားပြထားသည်။ ထို့အပြင်တိုင်းပြည် လွတ်လပ်ရေးထက် မိမိအကျိုးအတွက်သာ အရေးကြီးနေကြသော လူတစ်စု အကြောင်းကို ခရိုင်ဝန်သည် ဖဲထုပ်ရရန်နှင့် ဂျပန်လက်ဝါး ပါးပေါ်မကျရန်၊ သူဌေးသည် စပါးသိုလှောင်ရန်နှင့် အထည်လက်ကား ကိုယ်စားလှယ်ရရန်၊ သူကြီးသည် လက်ရုံးတပ်ဆွဲရန်၊ စာရေးဆရာသည် စက္ကူရရန်၊ ဈေးသည်သည် အမြတ်ရရန်များဖြင့် အသီးသီးအရေးကြီးနေကြပုံကို ရေးသားပြထားခြင်းဖြစ်သည်။

## အာဇာနည်မိခင်

ဆရာမောင်ထင်သည် “အာဇာနည်မိခင်” ပြဇာတ်ကို ၁၉၄၄ ခုနှစ်တွင်ရေးသားခဲ့သည်။ ကိုလိုနီခေတ်ဆရာစံ၏ တောင်သူလယ်သမား အရေးတော်ပုံကာလကို နောက်ခံပြုကာ တိုင်းပြည်လွတ်မြောက်အောင် ကြိုးပမ်းလုပ်ဆောင်ရာတွင် အသက်နှင့်ခန္ဓာအပ်နှင်းထားသော အာဇာနည်များနှင့် အာဇာနည်မိခင်တို့၏ အခန်းကဏ္ဍကို ဖော်ပြလိုခြင်းဖြစ်သည်။

ပြဇာတ်ပါ ဇာတ်ဆောင်များမှာ မောင်နေဝင်း၊ ဒွေးတုတ်(နေဝင်း၏မိခင်)၊ ညိုညို၊ ဦးသက်ကြွင်း၊ ဗိုလ်ဖြင်း၊ မောင်ပြန့်နှင့်စစ်ပုလိပ်များဖြစ်သည်။ မြန်အောင်မြို့နယ် ငှက်ကြီးကွင်း၌ ဆရာစံ ခိုအောင်းစဉ်ကာလကို နောက်ခံပြုထားသည်။ ရာဇဝတ်ဝန်ထောက် ဦးသက်ကြွင်းသည် ဆရာစံ၏အဖွဲ့ဝင်ဖြစ်သော မောင်နေဝင်းအား ဆရာစံခိုအောင်းရာနေရာကို မေးမြန်းရာ မောင်နေဝင်းသည် မဖော်ထုတ်ဘဲ အသေခံသွားခဲ့သည်။ မိခင်ဖြစ်သူဒွေးတုတ်သည် တိုင်းပြည်အတွက် အသက်စွန့်သွားသော အာဇာနည် ယောကျ်ား မြတ်၏ မိခင်ဖြစ်ရခြင်းအပေါ် ဂုဏ်ယူပီတိဖြစ်နေဟန်ဖြင့် ပြဇာတ်ကိုအဆုံးသတ်ကာ ရေးသားထားသည်။

**စာပေလေ့လာဆန်းစစ်ချက်**

ဤစာတမ်းကိုပြုစုရန်အတွက် ပြဇာတ်နှင့်ပတ်သက်၍ ရေးသားထားသော စာအုပ်များ၊ စာတမ်းများ၊ ကျမ်းများကိုလည်းကောင်း၊ ဇာတ်ညွှန်းနှင့်ပတ်သက်သော စာအုပ်များ၊ ကျမ်းများကိုလည်းကောင်း ရှာဖွေဖတ်ရှုခဲ့ပါသည်။

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းမှထုတ်ဝေသော **မြန်မာ့စွယ်စုံကျမ်း-အတွဲ(၇)** (၁၉၆၃)ကို ဖတ်ရှုပြီးလျှင် ပြဇာတ်ဝေါဟာရ သဘောသဘာဝနှင့်ပတ်သက်၍ ကိုးကားရန် အထောက်အကူပြုခဲ့ပါသည်။ ဒါရိုက်တာမြင့်မောင်၏ **ဇာတ်ညွှန်းမှရုပ်ရှင်**(၁၉၇၀)စာအုပ်ကိုလည်း လေ့လာဖတ်ရှုခဲ့ရာ ဇာတ်ညွှန်း စကားများကို ဝေဖန်ဆန်းစစ်ရာတွင် အထောက်အကူရခဲ့ပါသည်။ ဦးမောင်မောင်တင်၏ **မြန်မာပြဇာတ်နှင့်ပြဇာတ်စာပေသမိုင်း** (၁၉၇၁)စာအုပ်ကိုလည်း ဖတ်ရှုခဲ့သည်။ ပြဇာတ်ဝေါဟာရ သဘောသဘာဝနှင့် ပတ်သက်၍ ကိုးကားရန် အထောက်အကူဖြစ်ခဲ့ပါသည်။ တက္ကသိုလ်ဘုန်းနိုင် ပါဝင်ဟောပြောခဲ့သည် **ဝတ္ထုရှည်စာတမ်းများ- ပထမတွဲ**(၁၉၈၁)ကိုလည်း ဖတ်ရှုခဲ့ရာ ဇာတ်ဆောင်နှင့် ပတ်သက်၍ ကိုးကားဖော်ပြရန် အထောက်အကူဖြစ်ခဲ့သည်။ ဒေါ်စီစီဝင်းနှင့် အများရေးသားထားသည့် မြန်မာစကားပြေ စာတမ်းများ(၁၉၈၃)စာအုပ်ကိုလည်း ဖတ်ရှုလေ့လာခဲ့ရာ ပြဇာတ်၏ သဘောသဘာဝများကို ကိုးကားဖော်ပြရန် အထောက်အကူဖြစ်ခဲ့သည်။ **NTC's Dictionary of Literary Terms**(1998) စာအုပ်ကိုလည်း ဖတ်ရှုလေ့ခြင်းဖြင့် ဇာတ်ညွှန်းနှင့်ပတ်သက်၍ လေ့လာကိုးကားရန် အထောက်အကူပြုခဲ့ပါသည်။ ဦးမြင့်ကြည်၏ **စာပေနှင့်ဂီတ၊ ဂီတနှင့်စာပေ**(၂၀၁၁)စာအုပ်ကိုလည်း လေ့လာဖတ်ရှုခဲ့ပါသည်။ နောက်ခံ ဝန်းကျင်နှင့်ပတ်သက်၍ လေ့လာကိုးကားရန် အထောက်အကူပြုခဲ့ပါသည်။ ငြိမ်းမင်း၏ **ဇာတ်ညွှန်းအနုပညာမှတ်စုများ** (၂၀၁၉) စာအုပ်ကိုလည်းဖတ်ရှုခဲ့ရာ ဇာတ်ညွှန်း စကားများကိုလေ့လာရာတွင် အထောက်အကူဖြစ်ခဲ့ပါသည်။ ဒေါက်တာအောင်မြင့်ဦး၏ **ပြဇာတ် သဘောတရားပြဇာတ် အတတ်ပညာ** (၂၀၂၄) စာအုပ်ကိုလည်း လေ့လာဖတ်ရှုခဲ့ရာ ဇာတ်ညွှန်းစကားများကို လေ့လာကိုးကားရာတွင် အထောက်အကူဖြစ်ခဲ့ပါသည်။

ထို့အပြင် **ဒေါက်တာအောင်မြင့်ဦး၏ သုတေသနဟူသည်(၂၀၂၄)** စာအုပ်ကိုလည်း လေ့လာဖတ်ရှုခဲ့၍ စာတမ်းအတွက် သုတေသနနည်းနာများကိုရရှိရန် အထောက်အကူပြုခဲ့ပါသည်။ မန္တလေးတက္ကသိုလ် မြန်မာစာဌာနသို့တင်သွင်းသော မသူဇာမြင့်၏ **ဦးနု၏ပြဇာတ်များလေ့လာချက် (၂၀၂၀)** ပါရဂူကျမ်းတွင် ပြဇာတ်၏သဘော၊ ဇာတ်လမ်း ဇာတ်ဆောင် နောက်ခံဝန်းကျင်များ၊ ဇာတ်ညွှန်းစကားများကို လေ့လာတင်ပြထားရာ နှိုင်းယှဉ်လေ့လာရန်အတွက် အထောက်အကူပြုခဲ့ပါသည်။ သို့ဖြစ်ရာ စာအုပ်များ၊ စာတမ်းများနှင့်ကျမ်းများမှ စာတမ်းအတွက်ရရှိသော အချက်အလက်များကို ကောက်ယူစုဆောင်းကာ ခြုံငုံဆင်ခြင်၍ လေ့လာသုံးသပ်တင်ပြမည်ဖြစ်ပါသည်။

## နည်းနာ

နည်းနာတွင် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာဟူ၍ (၂)မျိုးရှိသည်။

## ပညာရပ်ဆိုင်ရာနည်းနာ

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ် စကားပြေကဏ္ဍတွင်ပါဝင်သော မောင်ထင်၏ ပြဇာတ်များမှ ဇာတ်ညွှန်းစကားများကို လေ့လာတင်ပြ ထားခြင်းဖြစ်ပါသည်။

## ဇာတ်ညွှန်းစကား

ဇာတ်ညွှန်းစကားများသည် ပြဇာတ်စာပေတွင် အရေးပါသည့် ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်သည်။ စာရေးသူများသည် ပြဇာတ်ဖတ်ရှုသူများ ဇာတ်လမ်းသဘောကို နားလည်စေရန်၊ နောက်ခံအပြင်အဆင်များ ရုပ်လုံးကြွလာပြီး ဇာတ်ဆောင်များ၏ အပြုအမူများ ပီပြင်ပေါ်လွင်လာအောင် ဇာတ်ညွှန်းစကားများဖြင့်ညွှန်းဆိုကာ ရေးသားလေ့ရှိသည်။ ဇာတ်ညွှန်းစကားနှင့်ပတ်သက်၍ မြန်မာအဘိဓာန်တွင် “**န - ဇာတ်လမ်း ဇာတ်ကွက်ကိုသရုပ်ဖော်နိုင်စေရန် အသေးစိတ်ရေးသား ညွှန်ကြားချက်**” (မြန်မာစာအဖွဲ့၊ ၂၀၀၈၊ စာ-၁၃၃)ဟူ၍ အနက်ဖွင့်ဆိုထားသည်။

ထို့အပြင် NTC’s Distionary of LITERARY TERMS တွင်

> **ပြဇာတ်တွင် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလနောက်ခံတို့နှင့်ပတ်သက်ပြီး စာဖတ်သူတို့၏ အမြင်အာရုံကို ဖြည့်စွက်ပေးရန်အတွက် အပြန်အလှန်ပြောစကား ကဲ့သို့ပင် ထောက်ပံ့မှုပေးနိုင်သည့် ညွှန်ကြားချက်များဖြစ်ပါသည်။ ပြဇာတ်စာပေ၌ ဇာတ်ညွှန်းစကားများကို စာလုံးစောင်း(သို့မဟုတ်) ဝိုက်ကွင်းဖြင့် ဖော်ပြလေ့ရှိပြီး ပြဇာတ်ဆရာ၊ သရုပ်ဆောင်နှင့် စာဖတ်သူတို့အတွက် ရည်ရွယ်သည်။** (Morner & Rausch, 1998, 210)

ဟူ၍လည်းကောင်း၊ ဒေါက်တာအောင်မြင့်ဦး(၂၀၂၄)က ပြဇာတ်သဘောတရား ပြဇာတ်အတတ်ပညာ

စာအုပ်တွင် "**ဒီဇာတ်ညွှန်းစကားတွေဟာ ပြဇာတ်ရေးဆရာက ပြဇာတ်ကို ကပြအသုံးတော်ခံနိုင်ဖို့အတွက်ညွှန်ကြားတဲ့ အညွှန်းစကားတွေပဲဖြစ်ပါတယ်**"(စာ-၅၉)ဟူ၍ ဇာတ်ညွှန်းစကား၏ သဘောကို ရှင်းလင်းပြထားသည်။

ထို့ကြောင့် ဇာတ်ညွှန်းစကားဆိုသည်မှာ ပြဇာတ်ပါရည်ရွယ်ချက်အရ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်၊ ဇာတ်ခုံအပြင်အဆင်နှင့်ပတ်သက်ပြီး ပြဇာတ်ရေးဆရာက တိုက်ရိုက်ညွှန်ကြားသည့် စကားများဖြစ်သည်ဟု ဆိုနိုင်ပါသည်။

**ဇာတ်ဆောင်**

ပြဇာတ်တစ်ပုဒ်တွင် ဇာတ်ဆောင်သည် အရေးပါသော အင်္ဂါရပ်တစ်ခုအဖြစ်ပါဝင်သည်။ ဇာတ်ဆောင်တို့၏ လှုပ်ရှားပြုမူပုံများ ပီပြင်လာလေလေ ဇာတ်လမ်းမှာ အသင့်ယုတ္တိရှိလေဖြစ်သည်။ ဇာတ်ဆောင် ဟူသောဝေါဟာရနှင့်ပတ်သက်၍ မြန်မာအဘိဓာန်တွင် **"ဇာတ်ဆောင်၊ န - ဇာတ်၊ ရုပ်ရှင်တို့တွင် ပါဝင်သရုပ်ဆောင်သူ"** (မြန်မာစာအဖွဲ့၊ ၂၀၀၈၊ စာ-၁၃၃)ဟူ၍ ဖွင့်ဆိုထားသည်။

ဇာတ်ဆောင်၏သဘောနှင့်ပတ်သက်၍ တက္ကသိုလ်ဘုန်းနိုင်(၁၉၈၁)က ဝတ္ထုရှည်စာတမ်းများ (ပထမတွဲ)တွင်

> **"ဇာတ်ကြောင်းဖြစ်လာစေရန် လုပ်ပြ၊ တွေးပြ၊ ခံစားပြသော ဝတ္ထုရှည်အတွင်းမှ လူများကိုဇာတ်ဆောင်ဟုခေါ်သည်။ ဇာတ်ဆောင်များသည် ဒိဋ္ဌဓမ္မလောကမှလူအများနှင့် တူလေ ဇာတ်ဆောင်ဖန်တီးမှု ကောင်းလေဟု ဆိုကြသည်။"** (စာ-၃၂)

ဟူ၍ ဖွင့်ဆိုထားသည်။

ထို့ကြောင့် ဇာတ်ဆောင်ဆိုသည်မှာ ဇာတ်လမ်းကိုပရိသတ်များ စိတ်ဝင်စားလာစေရန် သဏ္ဍာန် လုပ် သရုပ်တူအောင် ဖော်ဆောင်ပြသပေးရသောသူဖြစ်သည်ဟု ဆိုနိုင်ပါသည်။

**သုတေသနနည်းနာ**

မောင်ထင်၏ပြဇာတ်များမှ ဇာတ်ညွှန်းစကားများကို ထုတ်နုတ်ရာတွင် ပထမဦးစွာ အချက်အလက် စုဆောင်းထုတ်ယူသောနည်းကို အသုံးပြုထားပါသည်။ ထို့နောက်ထုတ်ယူထားသော အချက်အလက်များကို ဇာတ်ဆောင်၏ ပြုလှုပ်ရှားပုံကို ဖော်ညွှန်းသည့် ဇာတ်ညွှန်းစကား၊ ဇာတ်ခုံ အပြင်အဆင်ကို ညွှန်းသည့်ဇာတ်ညွှန်းစကားဟူ၍ (၂)မျိုးခွဲခြားကာ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်နည်းဖြင့် စိစစ်လေ့လာထားပါသည်။

## လေ့လာတွေ့ရှိချက်

မောင်ထင်၏ပြဇာတ်များမှ ဇာတ်ညွှန်းစကားများကိုလေ့လာရာတွင် ဇာတ်ဆောင်၏ ပြုမူလှုပ်ရှားပုံကို ဖော်ညွှန်းသည့်ဇာတ်ညွှန်းစကားနှင့် ဇာတ်ခုံအပြင်အဆင်ကို ဖော်ညွှန်းသည့် ဇာတ်ညွှန်းစကားများ ဟူ၍ (၂)ပိုင်းခွဲခြားကာ လေ့လာတင်ပြထားပါသည်။

### ဇာတ်ဆောင်၏ပြုမူလှုပ်ရှားပုံကိုဖော်ညွှန်းသည့်ဇာတ်ညွှန်းစကား

ဇာတ်ညွှန်းစကားများသည် ပြဇာတ်ပါဇာတ်လမ်း ဇာတ်ကွက်များရွေ့လျားပုံ ပေါ်လာအောင် ပံ့ပိုးပေးနိုင်သကဲ့သို့ ဇာတ်ဆောင်များ၏ စိတ်နေစိတ်ထားများ၊ ပြုမူလှုပ်ရှားမှုများကိုပါပေါ်အောင် ထောက်ပံ့ပေးနိုင်သည်။

ဘာအရေးကြီးဆုံးလဲပြဇာတ်တွင် ခရိုင်ဝန်၏ဝတ်စားဆင်ယင်မှု၊ ပုံပန်းသွင်ပြင်နှင့် ပြုမူရမည့်ပုံကို

> **ဘောင်းဘီတို၊ ရှပ်လက်တိုနှင့် ပိန်ပိန်ပါးပါး အရပ်ရှည်ရှည် ခရိုင်ဝန်က ဆေးပြင်းလိပ်လက်ကြားညှပ်ရာမှ ပါးစပ်ထဲသွင်းရင်း သူ့နောက်က ကုလားထိုင်ကို နောက်ခပ်ယိုင်ယိုင်နဲ့လိုက်စေ။** (မောင်ထင်၊၂၀၁၀၊ စာ-၂၀)

ဟူ၍ ညွှန်းဆိုရေးသားထားသည်။ “ဆေးပြင်းလိပ်လက်ကြားညှပ်ရာမှ ပါးစပ်ထဲသွင်းရင်း” ဟူ၍ ရုံးခန်းထဲတွင် ဆေးလိပ်သောက်သည့် ခရိုင်ဝန်၏အမူအကျင့်ကို အထူးညွှန်းဆိုကာ ရေးသားထားသည်။ ဌာန၏အကြီးအကဲဖြစ်သော်လည်း မိမိကိုယ်တိုင် စည်းကမ်းအတိုင်း မလိုက်နာသော၊ လူကြီးလူကောင်းပီသမှုအားနည်းသော ခရိုင်ဝန်၏စိတ်သဘောထားများကိုပါ သိမြင်လာရစေသည်။

ထို့အပြင်ပိုက်ဆံကြောင့် ဂုဏ်ရှိသူလူကြီး၏ ပုံပန်းသဏ္ဌာန်နှင့် စိတ်သဘောထားကိုလည်း စာရေးသူက ပြဇာတ်တွင်

> **ခရိုင်ဝန်၏ညာဘက် အမှုတွဲစင်နားခပ်ကျကျတွင် ပရိသတ်ဘက် မျက်နှာတစ်ခြမ်းပေး၍ ကျနစွာ ခေါင်းပေါင်းပေါင်း ဝတ်စားဆင်ယင်ထားသော အသိပညာမဲ့သလောက် ပိုက်ဆံကြောင့် မောင်မောင်ဘဘ အလုပ်ခံရသော ဂုဏ်သရေရှိလူကြီးလူကောင်း အမည်ခံသူတစ်ယောက်ထိုင်လျက်ရှိစေ။ နေရာတကာမှာ ပိုက်ဆံဂုဏ်ဖြင့် ဩဇာကြီးချင်သူ အရာရှိအရာခံတို့ကို ကပ်ရပ်ပေါင်းသူလူမျိုးဖြစ်ရမည်။** (မောင်ထင်၊၂၀၁၀၊ စာ-၂၁)

ဟူ၍ ညွှန်းဆိုရေးသားထားသည်။ ထိုသို့ရေးသားထားရာ သူဌေး၏အသွင်သဏ္ဌာန်ကိုသာမက ဂုဏ်ပကာသနကို မက်မောသော၊ ဩဇာအာဏာကိုလိုချင်သော၊ မိမိ၏ကောင်းကျိုးအတွက် အရာရှိ၊ အရာခံများကို ပေးကမ်းကာပေါင်းသင်းတတ်သော စိတ်ထားများကိုပါ ထပ်ဆင့်သိမြင်လာရစေသည်။

ထို့နောက် မြို့အုပ်မှတင်လျှောက်သည့် စာများကိုခရိုင်ဝန်က ရဲဗိုလ်မှူးနှင့်သူဌေးကို ဖတ်ပြရာတွင် ခရိုင်ဝန်စာဖတ်ရမည့် အနေအထားကိုလည်း စာရေးသူကပြဇာတ်တွင် **"စာဖတ်သည့်အခါ မြန်မာစာနှင့် ခပ်ဝေးဝေးနေသူများ မဖတ်တတ် ဖတ်တတ်ဖတ်သလို ဖတ်စေ။"** (မောင်ထင်၊၂၀၁၀၊ စာ-၂၆) ဟူသော ဇာတ်ညွှန်းစကားဖြင့် ထိုခေတ်အုပ်ချုပ်သူလူတစ်စု၏ မြန်မာစာလေ့လာမှု အားနည်းသည့် အခြေအနေကို စာဖတ်သူများသိရှိစေရန် သရော်ကာ ရေးသားဖော်ပြထားသည်။

ထို့အပြင်ပြဇာတ်တွင် ခရိုင်ဝန်၊ ရဲဗိုလ်မှူးနှင့် သူဌေးတို့စကားပြောနေစဉ် အစည်းအရုံးခေါင်းဆောင်လာသည်ဟု ကြားသည်နှင့် ခရိုင်ဝန်က ကျန်ရှိသည့်လူများအား အစည်းအရုံးခေါင်းဆောင်ကို "မီးတုတ်"ဟူ၍ သရော်ပြောပြောကာ ဖြစ်ပျက်သွားရမည့် ခရိုင်ဝန်၏အပြုအမူများကို

> **နှစ်ကိုယ်ကြားပြော၍ ခေါင်းကိုခပ်ငုံ့ငုံ့ထားပြီး ဝင်ပေါက်မှလာသူကို မျက်စိတစောင်းကြည့်စေ။ အစည်းအရုံးခေါင်းဆောင် ဝင်လာသည်နှင့်တစ်ပြိုင်နက် မျက်လွှာချ၍ ရှေ့တွင်ရှိသော စာရွက် စာတမ်းများကို လှန်လှောကြည့်စေ။** (မောင်ထင်၊၂၀၁၀၊ စာ-၂၈)

ဟူ၍ညွှန်းပြ ရေးသားထားသည်။ ထိုဇာတ်ညွှန်းစကားမှတစ်ဆင့် အုပ်ချုပ်သူလူတန်းစားတို့ အကြားမပြေလည်မှု သဘောတရားများ၊ အမှန်တရားအတိုင်း လုပ်ဆောင်သောသူများမှာ မသမာသူလူတစ်ချို့၏ အပြစ်တင်စောင်းရိပ်ခြင်းကို ခံရလေ့ရှိသောသဘာဝများကိုပါ ထင်ဟပ်သိမြင်လာစေသည်။

အာဇာနည်မိခင်ပြဇာတ်တွင် မောင်နေဝင်းပြန်အလာကို စောင့်မျှော်နေသည့် ညိုညို၏ပြုမူလှုပ်ရှားပုံများနှင့် စိတ်အခြေအနေကို

> **ညိုညိုသည် ခေါက်တံခါးသုံးပေါက်နားသို့ကပ်၍ စိတ်နှလုံးတုန်လှုပ်ဟန်ဖြင့် ပွဲကြည့်သူများဘက်သို့ မျက်နှာမူ၍လျှောက်လာ။ နောက်တစ်ဖန် သောက်ရေအိုးစင်ဘက်သို့ လျှောက်သွား။ ဤနည်းအတိုင်း ခေါက်တုံခေါက်ပြန်လျှောက်နေစေ။**
>
> (မောင်ထင်၊၂၀၁၀၊ စာ-၈၉)

ဟူ၍လည်းကောင်း၊ "**ညိုညိုကစေ့ရုံသာ စေ့ထားသော ခေါက်တံခါးရှေ့သို့ရောက်လျှင် တံခါးချပ်ကို အသာဖြဲ ၍ကြည့်ရှင်းရပ်စေ**။" (မောင်ထင်၊၂၀၁၀၊ စာ-၈၉)၊ ဟူ၍လည်းကောင်း၊ "**ညိုညိုလူးလာခေါက်၍ လျှောက်စေ။ သူ့အမူအရာမှာ တစ်စုံတစ်ခုကိုစောင့်စားနေရသည်ကို မအောင့်နိုင်သည့်ပမာ ဂနာမငြိမ် ဖြစ်နေစေ။**"(မောင်ထင်၊၂၀၁၀၊ စာ-၈၉) ဟူ၍လည်းကောင်း စိတ်အခြေအနေနှင့် အပြုအမူများ ကို လိုက်ဖက်အောင် ညွှန်းဆိုဖော်ပြထားသည်။ ထိုသို့ဖော်ပြထားသဖြင့် မောင်နေဝင်းပြန်အလာကို စောင့်မျှော်နေသော ညိုညို၏အပြုအမူများ၊ စိတ်မတည်မငြိမ်ဖြစ်နေမှုများ၊ စိုးရိမ်ပူပန်နေမှုများကို ဇာတ်ဆောင်၏ တစ်ဆင့်ချင်း လှုပ်ရှားမှုအလိုက်ပေါ်အောင် ဖော်ပြထားနိုင်ကြောင်း တွေ့မြင်လာရသည်။

မောင်နေဝင်းသည် မိခင်ဖြစ်သူ ဒွေးတုတ်အား မြန်အောင်တွင်ရောက်နေသည့် ဂဋ္ဌုန်ဆရာစံအကြောင်းကိုပြောမည်ပြုရာ ဒွေးတုတ်က ညိုညိုရှိနေသဖြင့် မပြောရန်အရိပ်အကဲပြရမည့် အပြုအမူကို **“ညိုညိုကို မျက်စပစ်ပြရင်း လက်ညိုးဖြင့်ပါးစပ်ပိတ်၍”** (မောင်ထင်၊၂၀၁၀၊ စာ-၉၃)ဟူသော ဓာတ်ညွှန်းစကားဖြင့် ဖော်ပြထားသည်။ နောက်ဖြစ်တည်လာမည့် ဂဋ္ဌုန်ဆရာစံနှင့်ပတ်သက်ပြီး ဦးသက်ကြွင်းကမေးသည်ကို ညိုညိုကဖြေပေးသည့် ဓာတ်ကွက်အတွက် အထောက်အပံ့ဖြစ်စေသော အရိပ်နိမိတ်ပြသည့် ဓာတ်ညွှန်းစကား ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

မောင်နေဝင်းကိုင်ဆောင်ထားသည့် ခေါးမြှောင်ကိုမြင်၍ ပြုမူလှုပ်ရှားရမည့် ဒွေးတုတ်နှင့်ညိုညိုတို့၏ အမူအရာကို

> **သည်အခါ ဒွေးတုတ်က စားပွဲပေါ်တွင် နေဝင်းအမှူမဲ့အမှတ်မဲ့ချထားသော ခေါးမြှောင်ကို ဖျက်ခနဲ ကောက်ကိုင်လိုက်စေ။ ပြီးလျှင် ပြန်ချထားစေ။ ဒွေးတုတ်၏အမူအရာကို ညိုညိုမြင်သည်နှင့် တစ်ပြိုင်နက် စားပွဲပေါ်မှခေါးကို မိမိနှင့်ဝေးအောင်ဖယ်လိုက်ရာ ခေါးမြှောင်မှာ စားပွဲပေါ်မှ ကြမ်းပြင်ပေါ်သို့ တလိမ့်လိမ့်နှင့် ကျသွားသည်တွင် ညိုညိုကမကြည့်ဝံ့သည့်အလား မျက်နှာကို လက်ဝါးနှင့်အုပ်စေ။** (မောင်ထင်၊၂၀၁၀၊ စာ-၉၇)

ဟူသောဓာတ်ညွှန်းစကားဖြင့် ဖော်ပြထားသည်။ ထိုစကားသည် မောင်နေဝင်း ခေါးမြှောင်ကိုချန်ထားမိသည့်ဓာတ်ကွက်ကို အသင့်ယုတ္တိရှိအောင် ထောက်ပံ့ပေးနိုင်သည့် ဓာတ်ညွှန်းစကားဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ထို့နောက် မောင်နေဝင်းထမင်းစားနေစဉ်တွင် ဦးသက်ကြွင်းတို့အဖွဲ့ဝင်လာသဖြင့် ထွက်ပြေးရမည့် မောင်နေဝင်း၏ အပြုအမူကိုလည်း

> **နေဝင်းသည် သူ့ပစ္စည်းများ စားပွဲပေါ်တွင် သက်သေခံမကျန်ရစ်ရအောင် ကောက်ကာငင်ကာ သိမ်းကျုံး၍ တင်းကုတ်ဘက်သို့ ကမန်းကတန်းပြေးသွားစေ။ ကြမ်းပေါ်မှာကျနေရစ်သော သူ့ခေါးမြှောင်ကိုမူ မကောက်မိဘဲရှိစေ။** (မောင်ထင်၊၂၀၁၀၊ စာ-၉၈)

ဟူ၍ညွှန်းဆိုရေးသားထားသည်။ ခေါးမြှောင်မေ့ကျန်နေမှုကို အထူးညွှန်းဆို ရေးသားထားခြင်းဖြင့် ဦးသက်ကြွင်း ခေါးမြှောင်တွေ့ရှိသွားမှုကို သဘာဝကျအောင် ပံ့ပိုးပေးထားသည်။ ထို့အပြင် ခေါးမြှောင်နှင့်ဆက်စပ်ကာ ရှေ့ဆက်ဖြစ်တည်လာမည့် မောင်နေဝင်း၏ကံကြမ္မာအပေါ် စာဖတ်သူ၏ သိလိုစိတ်များဖြစ်တည်လာစေသည့် ဓာတ်ညွှန်းစကားလည်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

မောင်နေဝင်းကို ဖမ်းမိချိန်တွင် ဓာတ်ခုံပေါ်၌ရှိရမည့် ဓာတ်ဆောင်များ၏အနေအထားကို

> **ထိုအခါ ဦးသက်ကြွင်းသည် ခေါင်းရင်းဘက်ရှိစားပွဲနှင့်ကုလားထိုင်များဆီသို့ လျှောက်လာစေ။ စစ်ပုလိပ်နှစ်ဦးကနေဝင်းကို ဦးသက်ကြွင်းဆီကို ခေါ်ဆောင်သွား၍ အနားက**

> **စောင့်နေစေ။ အခြားစစ်ပုလိပ်တစ်ယောက်က ဦးသက်ကြွင်းထိုင်သော ကုလားထိုင်နောက်က ရပ်စေ။ တစ်ယောက်က ခေါက်တံခါးမှာ စောင့်စေ။ စာရေးက စားပွဲထောင့်မှာ ရပ်စေ။ မိုလ်မြင်းက မီးဖို ရှေ့တွင် ရပ်နေစေ။** (မောင်ထင်၊၂၀၁၀၊ စာ-၁၀၁)

ဟူသော ဇာတ်ညွှန်းစကားဖြင့် ရေးသားဖော်ပြထားသည်။ ဇာတ်ဆောင်များရှိရမည့် အနေအထားကို ဖြစ်ရပ်နှင့်လိုက်ဖက်စွာ ညွှန်းဆိုထားကြောင်း တွေ့ရှိရသည်။

မောင်နေဝင်းကိုသတ်ရာတွင် ဖြစ်တည်ရမည့် ဇာတ်ဆောင်များ၏အပြုအမူကို

> **ဦးသက်ကြွင်းက သတ်ရန်အချက်ပေးစေ။ သေနတ်သံများကြားရစေ။ ဦးသက်ကြွင်းလည်း တံခါးဟင်းလင်းဖွင့်၍ ထွက်သွားစေ။ အသံစဲ၍တစ်အောင့်လောက်ကြာလျှင် ဒွေးတုတ်ဝင်လာပြီး သေနတ်သံကြား၍ ပုံလျက်လဲသွားသော ညိုညိုအနီးသို့ ကပ်လာစေ။** (မောင်ထင်၊ ၂၀၁၀၊ စာ-၁၁၈)

ဟူသော ဇာတ်ညွှန်းစကားဖြင့် ရေးသားဖော်ပြထားသည်။ ဇာတ်ထွက်ပိုင်းတွင် ဇာတ်ဆောင်များပြုမူရမည့် အနေအထားများကို ဇာတ်ညွှန်းစကားများဖြင့် တစ်ဆင့်ချင်းဖော်ဆောင်ပြထားသည်။ ထို့ကြောင့်လည်း မောင်နေဝင်းအသတ်ခံရချိန်တွင် ဖြစ်တည်လျက်ရှိသော ဇာတ်ဆောင်များ၏ ပြုမူလှုပ်ရှားပုံများမှာ စာဖတ်သူတို့၏စိတ်အာရုံထဲတွင် ပုံပေါ်လာရပြီး ဦးသက်ကြွင်းအပေါ်တွင် စက်ဆုပ်ရွံရှာစိတ်များ၊ မောင်နေဝင်း၊ ဒွေးတုတ်နှင့်ညိုညိုတို့အပေါ်တွင် သနားကရုဏာစိတ်များ ဖြစ်တည်လာရကြောင်း လေ့လာသိရှိရပါသည်။

ထို့ကြောင့် မောင်ထင်၏ပြဇာတ်များမှ ဇာတ်ညွှန်းစကားများကို လေ့လာရာတွင် စာရေးသူသည် ဇာတ်ဆောင်များ၏လှုပ်ရှားမှုများကို ဇာတ်လမ်း ဇာတ်ကွက်နှင့်လိုက်ဖက်အောင် ချိတ်ဆက်ကာ ညွှန်းဆိုရေးသားထားသည်။ ထိုသို့ရေးသားထားသဖြင့် ဇာတ်လမ်း၊ ဇာတ်ကွက်များရွေ့လျားလာစေပြီး ဇာတ်ဆောင်များ၏ လှုပ်ရှားမှုပြဇာတ်ညွှန်းစကားများမှတစ်ဆင့် ရှေ့ဆက်ဖြစ်တည်လာမည့် ဇာတ်လမ်းအပေါ် စာဖတ်သူများ၏သိလိုစိတ်အရှိန်များ မြင့်တက်လာရသည်။ ထို့အပြင် ပြဇာတ်ပါ ရည်ရွယ်ချက်အရ ဇာတ်ဆောင်များပြုမူလှုပ်ရှားရမည့်အခြေအနေများကို ဇာတ်ညွှန်းစကားများဖြင့် ပြဆိုထားရာ ဇာတ်လမ်းကို ရုပ်လုံးပေါ်အောင်၊ ရည်ရွယ်ချက်သို့ရောက်အောင် ထောက်ပံ့ပေးနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဇာတ်ခုံအပြင်အဆင်ကိုဖော်ညွှန်းသည့်ဇာတ်ညွှန်းစကား**

ပြဇာတ်စာပေတွင် စာရေးသူတို့သည် ဇာတ်ဆောင်များ၏အပြန်အလှန်ပြောစကားများ၊ ဇာတ်ခုံ အပြင် အဆင်ကိုဖော်ညွှန်းသည့် ဇာတ်ညွှန်းစကားများဖြင့် ထည့်သွင်းဖန်တီးလေ့ရှိသည်။

ဇာတ်ခုံအပြင် အဆင်ကိုညွှန်းသည့် ဇာတ်ညွှန်းစကားများကို ရည်ရွယ်ချက်အရ ဇာတ်လမ်း၊ ဇာတ်ဆောင်နှင့် လိုက်ဖက်အောင် အသုံးပြုလေ့ရှိသည်။

ဆရာမောင်ထင်သည် ဘာအရေးကြီးဆုံးလဲပြဇာတ်တွင် ဒေသနောက်ခံဖြစ်သည့် ခရိုင်ဝန်၏ ရုံးခန်းအပြင်အဆင်ကို ပြဇာတ်တွင်

> **ဇာတ်ခုံပေါ်တွင် စာရေးစားပွဲတစ်လုံး၊ လက်ဖက်ရည်သောက်ရန် စားပွဲတစ်လုံး။ စားပွဲတစ်လုံး တစ်လုံးလျှင် ကုလားထိုင်လေးငါးလုံး ဝိုင်းရံ၍ထား။ စာရေးစားပွဲမှာ ပွဲကြည့်သူ၏လက်ယာ ဘက်ခပ်ကျကျတွင်ရှိရမည်။ လက်ဖက်ရည်စားပွဲမှာ ပွဲကြည့်သူ၏ လက်ဝဲဘက်ခပ်ကျကျတွင်ရှိရမည်။ ခရိုင်ဝန်ထိုင်ရန် ကုလားထိုင်၏ လက်ယာဘက်တွင် စာအုပ်စင်နှစ်ခုလောက် စားပွဲနှင့်ယှဉ်၍ထား။** (မောင်ထင်၊၂၀၁၀၊ စာ-၂၀)

ဟူသောဇာတ်ညွှန်းစကားဖြင့် ရေးသားဖော်ပြထားသည်။ ခရိုင်ဝန်တစ်ဦးတွင်ရှိသင့်သည့် နေရာအခင်းအကျင်း၊ နောက်ခံမြင်ကွင်းများကို ထည့်သွင်းထားရာ ဇာတ်ကွက်နှင့်လိုက်ဖက်မှုရှိကြောင်း လေ့လာတွေ့ရှိရသည်။

ထို့အပြင် ခရိုင်ဝန်၏ရုံးခန်း၌ ခရိုင်ဝန်လုပ်ဆောင်ရသည့်အလုပ်တာဝန်များ၊ လုပ်ငန်းအခြေအနေ၏ နောက်ခံမြင်ကွင်းအပြင်အဆင်ကိုလည်း

> **ခရိုင်ဝန် ကျောဘက်၌ ကျောက်သင်ပုန်းကြီးတစ်ခုပေါ်တွင် ဘယ်မြို့က လယ်ခွန်တော်၊ ကိုင်း ခွန်တော်၊ မြို့မြေခွန်ဘယ်မျှ ကောက်ခံစရာရှိသည်အနက်က ဘယ်မျှချမ်းသာခွင့်ပေး၍ ဘယ်မျှကောက်ခံပြီး ဘယ်မျှကျန်နေသေးသည်ကိုရေးထား။ အခွန်တော်လက်ကျန်များသော မြို့နယ်၏စာရင်းတွင် ဘောကကြက်ခြေခတ်ကြီးကြီးကို ဒေါပါပါနှင့်ခပ်၍ထား။** (မောင်ထင်၊ ၂၀၁၀၊ စာ-၂၁)

ဟူသော ဇာတ်ညွှန်းစကားဖြင့် ပြဆိုထားသည်။ ထိုဇာတ်ခုံအပြင်အဆင်ကို ညွှန်းသည့် ဇာတ်ညွှန်းစကားများမှတစ်ဆင့် ခရိုင်ဝန်၏အလုပ်သဘောများ၊ အခွန်တော်ကိုပင် မှန်မှန်မပေးသွင်းနိုင်သောပြည်သူပြည်သားများ၏ စီးပွားရေးအခြေ အနေများကိုပါ ခန့်မှန်းသိမြင်လာရစေသည်။

အာဇာနည်မိခင်ပြဇာတ်တွင်လည်း စာရေးသူသည် ပြဇာတ်စလျှင် စချင်းပင်

> **လေးပင်သုံးခန်း အိမ်ခန်းမကြီးကို ခေါင်းရင်းဘက်ကနေကြည့်၍ မြင်ရသည့်အတိုင်းခင်းကျင်းထား။ ပွဲကြည့်သူ၏လက်ယာဘက်၌ ခေါက်တံခါးသုံးချပ်ရှိသည်။ အလယ်တံခါးနှင့် ခေါင်းရင်းတံခါးကို မင်းတုပ်ထိုး၍ ပိတ်ထားသည်။ ခြေရင်း ခေါက်တံခါးမှာဇာတ်စင်၏နောက်ကျောဘက် ခပ်ကျကျတွင်ရှိ၍ စေ့ရုံသာစေ့ထားသည်။ ဇာတ်စင်၏နောက်ကျောဘက်မှာ မီးဖိုချောင် အဖီကလေးရှိသည်။ မီးဖိုချောင်တံခါးဝမှာ တံခါးရွက်**

**မရှိ။ သို့သော် မီးဖိုချောင်မှနေ၍ အိမ်ဘေး နွားတင်းကုပ်နှင့် စပါးကျီရှိရာသို့ဆင်းရန် တံခါးပေါက်မှာ တံခါးရွက်စေ့လျက်သား ရှိသည်။ မီးဖိုချောင်ခန်း၀၏ လက်ယာဘက်မှာ သောက်ရေအိုးစင်ရှိသည်။ (မောင်ထင်၊၂၀၁၀၊ စာ-၈၈)**

ဟူသော ဇာတ်ညွှန်းစကားဖြင့် အိမ်၏ပုံပန်းသဏ္ဍာန်ကို အပြင်မှကြည့်လျှင် မြင်ရသည့်အနေအထားဖြင့် အသေးစိတ်ဖော်ပြထားသည်။ အိမ်၏အနေအထားနှင့် နွားတင်းကုတ်၊ စပါးကျီများကို ညွှန်းဆိုထားရာ ကျေးလက်သဘာ၀ကိုပေါ်လွင်ပြီး ဆရာစံခိုအောင်းရာ မြန်အောင်နယ်နောက်ခံနှင့် လိုက်ဖက်မှုရှိပြီး ဇာတ်လမ်းကို ယုတ္တိရှိအောင် ပံ့ပိုးထားနိုင်သည့် ဇာတ်ညွှန်းစကားဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ထို့အပြင် အိမ်အတွင်းတွင် ဖြစ်တည်ရမည့်နောက်ခံအခင်းအကျင်းကိုလည်း

**ဇာတ်စင်၏အလယ်လောက်တွင် ထမင်းစားပွဲခုံဝိုင်းတစ်ခု တည်ခင်း၍ထား။ ထိုစားပွဲ အနီး မီးလင်းဖိုတစ်ခုရှိရမည်။ ဇာတ်စင်၏ ရှေ့မျက်နှာစာ မရောက်တရောက်တွင် စားပွဲတစ်လုံးနှင့် ကုလားထိုင်နှစ်လုံး သုံးလုံးရှိပါစေ။** (မောင်ထင်၊၂၀၁၀၊ စာ-၈၈)

ဟူသော ဇာတ်ညွှန်းစကားဖြင့် ဖော်ပြထားသည်။ စာရေးသူသည် ထမင်းစားပွဲဝိုင်းကို အထူးညွှန်းဆိုကာ မောင်နေဝင်းသည် ထမင်းစားပွဲပေါ်တွင် ခားမြှောင်ကိုထားမိပုံ၊ ညီညီကြစားပွဲပေါ်မှ ခားမြှောင်ကို ဖယ်ပစ်လိုက်ရာ စားပွဲခုံနှင့်ဝေးရာသို့ရောက်ရှိပုံ၊ ဦးသက်ကြွင်းနှင့်အဖွဲ့ဝင်လာသဖြင့် မောင်နေဝင်း ထွက်ပြေးရာ ခားမြှောင်ကိုမကောက်မိဘဲ ကျန်ရစ်ခဲ့ရပုံစသည့်ဇာတ်ကွက်များနှင့် အချိတ်အဆက် မိနိုင်အောင် အကွက်ကျကျဖြင့် ဖန်တီးထားသည့် ဇာတ်ညွှန်းစကားဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ဆရာမောင်ထင်၏ပြဇာတ်များတွင် စာရေးသူသည် ဇာတ်ညွှန်းစကားများဖြင့် နောက်ခံဝန်းကျင် ကိုတင်ပြရာ၌ ကာလနောက်ခံနှင့် ဒေသနောက်ခံများကို အထူးညွှန်းဆိုကာ ရေးသားထားသည်။ တစ်ခန်း ရပ်ပြဇာတ်များဖြစ်သဖြင့် နောက်ခံဝန်းကျင်များကိုချဲ့ထွင်ကာ ဖန်တီးထားခြင်းမရှိဘဲ ရည်ရွယ်ချက် ပေါ်အောင်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်များနှင့်လည်း ဆီလျော်မှုရှိသည့် နောက်ခံဝန်းကျင်ကို ဇာတ်ညွှန်း စကားများဖြင့် ရေးသားဖော်ပြလေ့ရှိသည်။ ထိုဇာတ်ညွှန်းစကားများကြောင့်လည်း ဇာတ်ဆောင်များ၏ ပြုမူလှုပ်ရှားပုံများမှာ ရုပ်လုံးကြွကာ အသက်ဝင်ပီပြင်လာပြီး ဇာတ်လမ်းကို ယုတ္တိရှိအောင်၊ ရည်ရွယ်ချက် သို့ရောက်အောင် ပို့ဆောင်ပေးထားနိုင်ကြောင်း လေ့လာသိရှိရပါသည်။

## သုံးသပ်ချက်

ဤစာတမ်းတွင် ဆရာမောင်ထင်၏ ဘာအရေးကြီးဆုံးလဲနှင့်အာဇာနည်မိခင်ပြဇာတ်များမှ ဇာတ်ညွှန်း စကားများကို လေ့လာထားပါသည်။ ဇာတ်ညွှန်းစကားများကို လေ့လာရာတွင် ဇာတ်ဆောင် ၏ပြုမူ လှုပ်ရှားမှုများကိုဖော်ညွှန်းသည့် ဇာတ်ညွှန်းစကားများနှင့် ဇာတ်ခုံအပြင်အဆင်ကို ဖော်ညွှန်းသည့် ဇာတ်ညွှန်းစကားများ ဟူ၍ လေ့လာတင်ပြထားပါသည်။

ဆရာမောင်ထင်သည် ဇာတ်ညွှန်းစကားများဖြင့် ဇာတ်ဆောင်များ၏ပြုမူလှုပ်ရှားရမည့် အနေအထားများကို ရေးသားရာတွင် ဇာတ်ကွက်နှင့်လိုက်ဖက်အောင် ဖော်ပြထားသည်။ ထိုသို့ဖော်ပြထားသဖြင့် ဇာတ်လမ်း ဇာတ်ကွက်များမှာ ရွှေ့လျားလာပြီး ဇာတ်ဆောင်များ၏ ပြုမူလှုပ်ရှားမှုများမှာ ရုပ်လုံးကြွကာ အသက်ဝင်လာရသည်။ ဇာတ်ဆောင်များ၏ပြုမူလှုပ်ရှားမှုများ အသက်ဝင်လာသည်နှင့်အမျှ ဇာတ်ဆောင်၏စရိုက်များလည်း ပီပြင်လာပြီး ဇာတ်လမ်းပါရည်ရွယ်ချက်သို့ရောက်အောင် တစ်ဆင့်ချင်း ထောက်ပံ့ပေးထားနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

ထို့အပြင် ဇာတ်ခုံအပြင်အဆင်ကိုဖော်ညွှန်းသည့် ဇာတ်ညွှန်းစကားများကို ရေးသားရာတွင်လည်း ပြဇာတ်ပါ ဇာတ်လမ်းသဘောအရ ကာလနောက်ခံ၊ ဒေသနောက်ခံများကို ဇာတ်ဆောင်၏အခြေအနေနှင့်လိုက်ဖက်စွာ ညွှန်းဆိုရေးသားထားသည်။ ထိုသို့ညွှန်းဆိုရေးသားထားသဖြင့် နောက်ခံဝန်းကျင်မှာ ပီပြင်လာပြီး ဇာတ်ဆောင်၏ပြုမူလှုပ်ရှားမှုများမှာ သဘာဝကျကာ ဇာတ်လမ်းကို အသင့်ယုတ္တိရှိအောင် ထောက်ပံ့ပေးထားနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

ဆရာမောင်ထင်၏ ပြဇာတ်များတွင် စာရေးသူသည် ဇာတ်လမ်းသဘောအရပြုမူရမည့် ဇာတ်ဆောင်များ၏ လှုပ်ရှားမှုများ၊ ဇာတ်ဆောင်ကိုပံ့ပိုးပေးရမည့် နောက်ခံအခင်းအကျင်းများကို ဇာတ်ညွှန်းစကားများဖြင့် ထည့်သွင်းရေးသားထားသည်။ ထိုသို့ရေးသားထားသောကြောင့် ဇာတ်လမ်းနှင့်စာဖတ်သူမှာ တစ်သားတည်းဖြစ်တည်လာပြီး ဇာတ်လမ်းအပေါ် စာဖတ်သူ၏စိတ်အာရုံများ ပို၍ကပ်ငြိလာအောင် ထောက်ပံ့ပေးထားနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် ဆရာမောင်ထင်၏ ပြဇာတ်များပါ ဇာတ်ညွှန်းစကားများကို ခြုံ၍သုံးသပ်ရလျှင် ဇာတ်လမ်းဇာတ်ကွက်ကို ရွှေ့လျားမှုရှိအောင်၊ ဇာတ်ဆောင်၏ ပြုမူလှုပ်ရှားမှုများကိုပေါ်အောင် ထောက်ပံ့ပေးမှုရှိကြောင်း လေ့လာသုံးသပ်ရပါသည်။

## နိဂုံး

ဤစာတမ်းသည် ဆရာမောင်ထင်၏ပြဇာတ်များမှ ဇာတ်ညွှန်းစကားများကို လေ့လာတင်ပြခဲ့ပါသည်။ ထိုသို့လေ့လာရာတွင် ဆရာမောင်ထင်သည် ဇာတ်ဆောင်များ၏ ပြုမူလှုပ်ရှားမှုကိုဖော်ညွှန်းသည့် ဇာတ်ညွှန်းစကားများ၊ နောက်ခံဝန်းကျင်ကိုဖော်ညွှန်းသည့် ဇာတ်ညွှန်းစကားများကို ဇာတ်ကွက်နှင့်လိုက်ဖက်မှုရှိအောင် ချိတ်ဆက်ကာ ရည်ရွယ်ချက်ပေါ်အောင် ရေးသားထားနိုင်ကြောင်းတွေ့ရှိရပါသည်။ ဤစာတမ်းသည် အခြားသောပြဇာတ်များပါ ဇာတ်ညွှန်းစကားများကို ဆက်လက်လေ့လာရန်အထောက်အကူပြုနိုင်လိမ့်မည်ဟု မျှော်မှန်းမိပါသည်။

## ကျမ်းကိုးစာရင်း

စီစီဝင်း၊ဒေါ်နှင့်အများ။ ။(၁၉၈၃)***မြန်မာစကားပြေစာတမ်းများ***။ ရန်ကုန်၊ စာပေဗိမာန်။

ထင်၊မောင်။ ။(၂၀၀၈)***ကမ္ဘာ့စာပေအညွှန်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ထင်၊ မောင်။ ။(၂၀၁၀)***ဘာသာအရေးကြီးဆုံးလဲ၊ အာဇာနည်မိခင်နှင့်အခြားပြဇာတ်များ***။ ရန်ကုန်၊ ရာပြည့် စာပေ။

ဘုန်းနိုင်၊ တက္ကသိုလ်။ ။(၁၉၈၁)***ဝတ္ထုရှည်စာတမ်းများ ပထမအတွဲ*** -။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မောင်မောင်တင်၊ ဦး။ ။(၁၉၇၁)***မြန်မာပြဇာတ်နှင့်ပြဇာတ်စာပေသမိုင်း***။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

မြင့်ကြည်၊ ဦး။ ။(၂၀၁၁)***စာပေနှင့်ဂီတ၊ ဂီတနှင့်စာပေ***။ ရန်ကုန်၊ ရာပြည့်စာပေ။

မြန်မာစာအဖွဲ့။ ။(၂၀၀၈)***မြန်မာအဘိဓာန်၊ ဒုတိယအကြိမ်***။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း။ ။(၁၉၆၃)***မြန်မာ့စွယ်စုံကျမ်း (၇)အတွဲ*** -။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ ။(၂၀၂၄)***ပြဇာတ်သဘောတရား ပြဇာတ်အတတ်ပညာ၊ တတိယအကြိမ်***။ ရန်ကုန်၊ ပညာရပ်ဝန်း စာပေ။

## Reference

Morner, Kathleen and Ralph Rausch. (1998). NTC's Dictionary of Literary Terms, U.S.A. NTC Publishing Group.

## ဖတ်ရှုလေ့လာသောစာအုပ်စာရင်း

ငြိမ်းမင်း။(၂၀၁၉)။ ဇာတ်ညွှန်းအနုပညာမှတ်စုများ။ MRTV – 4၊ FOREVER GROUP။

မြင့်မောင်၊ ဒါရိုက်တာ။(၁၉၇၀)။ ဇာတ်ညွှန်းမှရုပ်ရှင်။ ရန်ကုန်၊ တိုင်းရင်းသားစာပေ။

သူဇာမြင့်၊ မ။(၂၀၂၀)။ဦးနု၏ပြဇာတ်များလေ့လာချက်။မန္တလေးတက္ကသိုလ်၊မြန်မာစာပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်း။

အောင်မြင့်ဦး၊ ဒေါက်တာ။(၂၀၂၄)။ သုတေသနဟူသည် - တတိယအကြိမ်။ ရန်ကုန်၊ ပညာရပ်ဝန်းစာပေတိုက်။